၂ Verb to be ကို အောက်ပါအတိုင်း Complement အမျိုးမျိုးနဲ့ တွဲသုံးလို့ ရတယ်။

### ၁ Verb to be + Noun = ဖြစ်သည်

Verb to be ကို Noun နဲ့ တွဲရေးရင် 'ဖြစ်သည်' လို့ အဓိပ္ပာယ်ရတယ်။

| | |
|---|---|
| 1 I *am* a teacher. | ကျွန်တော်သည် ဆရာတစ်ဦး ဖြစ်သည်။ |
| 2 He *is* a farmer. | သူသည် လယ်သမားတစ်ဦး ဖြစ်သည်။ |
| 3 They *are* students. | သူတို့သည် ကျောင်းသားများ ဖြစ်ကြသည်။ |
| 4 This *is* a pig. | ဤဟာသည် ဝက်တစ်ကောင် ဖြစ်သည်။ |
| 5 These *are* pigs. | ဤဟာများသည် ဝက်များ ဖြစ်ကြသည်။ |

### ၂ Verb to be + Adjective = — သည်

Verb to be ကို Adjective နဲ့ တွဲသုံးရင် '— သည်' လို့ အဓိပ္ပာယ်ရတယ်။

| | | | |
|---|---|---|---|
| 1 fat | ဝသော | 2 thin | ပိန်သော |
| is fat | ဝသည် | are thin | ပိန်ကြသည် |
| He *is* fat. | သူသည် ဝသည်။ | They *are* thin. | သူတို့သည် ပိန်ကြသည်။ |

### ၃ Verb to be + V-ing = ပြုနေသည်

Verb to be ကို V-ing နဲ့ တွဲရေးရင် 'ပြုနေသည်' လို့ အဓိပ္ပာယ်ထွက်တယ်။

| | |
|---|---|
| 1 I *am* walking. | ကျွန်တော်သည် လမ်းလျှောက်နေသည်။ |
| 2 He *is* playing. | သူသည် ကစားနေသည်။ |
| 3 They *are* sleeping. | သူတို့သည် အိပ်နေကြသည်။ |

### ၄ Verb to be + Prepositional Phrase = ရှိသည် (တစ်နေရာရာမှာ ရှိသည်)

Prepositional Phrase ဆိုတာ Preposition နဲ့ နေရာတို့၊ Noun တို့ကို တွဲရေးထားတဲ့ စကားစုကို ခေါ်တယ်။ Verb to be ကို Prepositional Phrase နဲ့ တွဲရေးရင် 'ရှိသည်' လို့ အဓိပ္ပာယ်ရတယ်။

| | |
|---|---|
| 1 I *am* in the house. | ကျွန်တော်သည် အိမ်ထဲမှာ ရှိသည်။ |
| 2 He *is* in the garden. | သူသည် ဥယျာဉ်ထဲမှာ ရှိသည်။ |
| 3 They *are* on the mat. | သူတို့သည် ဖျာပေါ်မှာ ရှိကြသည်။ |

မှတ်ချက်။ here တို့, there တို့နဲ့ တွဲရေးတဲ့အခါ Preposition ထည့်ဖို့ မလိုပါ။

| | |
|---|---|
| 1 I *am* here. | ကျွန်တော်သည် ဒီမှာ ရှိသည်။ |
| 2 They *are* there. | သူတို့သည် ဟိုမှာ ရှိကြသည်။ |

### ၅ There + Verb to be + Subject + Prepositional Phrase = ရှိသည်

'ရှိသည်' လို့ ပြောချင်ရင် There ပါတဲ့ ဝါကျမျိုးကို သုံးရင်လည်း ရတယ်။

| | |
|---|---|
| 1 There *is* water. | ရေ ရှိသည်။ |
| 2 There *is* water in the pot. | အိုးထဲမှာ ရေ ရှိသည်။ |

3 There *are* trees. သစ်ပင်များ ရှိကြသည်။
4 There *are* trees in the garden. ဥယျာဉ်ထဲမှာ သစ်ပင်များ ရှိကြသည်။
5 There *is* a book on the table. စားပွဲပေါ်မှာ စာအုပ်တစ်အုပ် ရှိသည်။

မှတ်ချက်။ တစ်ခု၊ တစ်ယောက်အတွက် There is ကို သုံးပါ။ အများအတွက် There are ကို သုံးပါ။

## Exercise 26

***Fill the blanks with am, is or are.***

1 Tun Tun ________ fat.
2 They ________ playing.
3 I ________ a teacher.
4 You ________ a student.
5 The girls ________ in the class.
6 There ________ a book on the table.

## 2 Verb to Have ကို အသုံးပြုနည်း

Verb to have ကို အောက်ပါအတိုင်း သုံးရတယ်။

| **Subject** | **Present** | **Past** |
|---|---|---|
| He<br>She<br>It<br>တစ်ခု/တစ်ယောက် | has | had |
| I<br>We<br>You<br>They<br>အများ | have | |

has နဲ့ have ကို Simple Present Tense အတွက် သုံးရတယ်။ has ကို He, She, It တို့၊ တစ်ခု တစ်ယောက်တို့နဲ့ တွဲသုံးရပြီး have ကို I, We, You, They တို့၊ အများတို့နဲ့ တွဲသုံးရတယ်။

had ကိုတော့ Simple Past Tense အတွက် သုံးရတယ်။ I, We, You, He, She, It, They တို့နဲ့ တစ်ခု တစ်ယောက်နဲ့ရော၊ အများနဲ့ပါ တွဲသုံးလို့ ရတယ်။

1 He *has* a book. သူ့မှာ စာအုပ်တစ်အုပ် ရှိသည်။
2 She *has* a car. သူမမှာ ကားတစ်စီး ရှိသည်။
3 The boy *has* a shirt. ယောကျ်ားကလေးမှာ ရှပ်အင်္ကျီတစ်ထည် ရှိသည်။
4 I *have* a pen. ကျွန်တော့်မှာ ဖောင်တိန်တစ်ချောင်း ရှိသည်။
5 They *have* a house. သူတို့မှာ အိမ်တစ်လုံး ရှိသည်။
6 The boys *have* a house. ယောကျ်ားကလေးများမှာ အိမ်တစ်လုံး ရှိကြသည်။

## Exercise 27

***Fill the blanks with has or have.***

1 He __________ a pig.
2 They __________ a car.
3 We __________ a sheep.
4 She __________ many cats.
5 I __________ a hat.

## Verb to Have နှင့် Verb to Be တို့ ခြားနားချက်

၁ 'ကိုယ့်မှာ ရှိသည်' 'ကိုယ် ပိုင်သည်' လို့ ပြောချင်ရင် has, have, had ကို သုံးရတယ်။

| | |
|---|---|
| 1 He *has* a car. | သူ့မှာ ကားတစ်စီး ရှိသည်။ |
| 2 I *have* a book. | ကျွန်တော့်မှာ စာအုပ်တစ်အုပ် ရှိသည်။ |
| 3 We *have* an ox. | ကျွန်တော်တို့မှာ နွားထီးတစ်ကောင် ရှိသည်။ |
| 4 They *have* a house. | သူတို့မှာ အိမ်တစ်လုံး ရှိသည်။ |

၂ 'တစ်နေရာရာမှာ ရှိနေသည်' လို့ ပြောချင်ရင်တော့ am, is, are, was, were ကို သုံးရတယ်။

| | |
|---|---|
| 1 I *am* in the room. | ကျွန်တော်သည် အခန်းထဲမှာ ရှိနေသည်။ |
| 2 He *is* on the mat. | သူသည် ဖျာပေါ်မှာ ရှိနေသည်။ |
| 3 They *are* at the well. | သူတို့သည် ရေတွင်းမှာ ရှိနေကြသည်။ |
| 4 The dog *is* under the tree. | ခွေးသည် သစ်ပင်အောက်မှာ ရှိနေသည်။ |
| 5 There *are* trees in the garden. | ဥယျာဉ်ထဲမှာ သစ်ပင်များ ရှိကြသည်။ |

## Exercise 28

***Fill the blanks with am, is, are, has or have.***

1 I __________ in the house.
2 I __________ one brother and one sister.
3 They __________ on the mat.
4 My sister __________ a cat.
5 It __________ in the basket.

## 3 Verb to Do ကို အသုံးပြုနည်း

၁ Verb to do ကို အောက်ပါအတိုင်း သုံးရတယ်။

| Subject | Present | Past |
|---|---|---|
| He<br>She<br>It<br>တစ်ခု/တစ်ယောက် | does | did |
| I<br>We<br>You<br>They<br>အများ | do | |

do နဲ့ does ကို Simple Present Tense အတွက် သုံးရတယ်။ do ကို I, We, You, They တို့၊ အများတို့နဲ့ တွဲသုံးရတယ်။ does ကို He, She, It တို့၊ တစ်ခု တစ်ယောက်တို့နဲ့ တွဲသုံးရတယ်။

did ကိုတော့ Simple Past Tense အတွက် သုံးရတယ်။ I, We, You, He, She, It, They တို့နဲ့ တစ်ခု တစ်ယောက်နဲ့ရော၊ အများနဲ့ပါ တွဲသုံးလို့ ရတယ်။

do, does, did တို့ကို *s* မပါတဲ့ Present Tense Verb နဲ့ အမြဲ တွဲသုံးရတယ်။

1 He *does* not run. — သူသည် မပြေးပါ။
2 It *does* not run. — ၎င်းသည် မပြေးပါ။
3 The boy *does* not run. — ယောကျ်ားကလေးသည် မပြေးပါ။
4 I *do* not run. — ကျွန်တော်သည် မပြေးပါ။
5 They *do* not run. — သူတို့သည် မပြေးကြပါ။
6 The boys *do* not run. — ယောကျ်ားကလေးများသည် မပြေးကြပါ။

၂ Verb to do ကို အောက်ပါအတိုင်း စကားလုံးအမျိုးမျိုးနဲ့ တွဲသုံးလို့ ရတယ်။

**၁ do, does, did + not + V1 = Negative Sentence (ငြင်းပယ်ဝါကျ)**

1 I *do* not like tea. — ကျွန်တော်သည် လက်ဖက်ရည် မကြိုက်ပါ။
2 He *does* not go. — သူသည် မသွားပါ။
3 We *did* not play football yesterday. — ကျွန်တော်တို့သည် မနေ့က ဘောလုံး မကစားခဲ့ကြပါ။

**၂ Do, Does, Did + Subject + V1 + —? = မေးခွန်း**

1 *Do* you like tea? — သင်သည် လက်ဖက်ရည် ကြိုက်သလား။
2 *Does* he go? — သူသည် သွားသလား။
3 *Did* you play football yesterday? — သင်တို့သည် မနေ့က ဘောလုံးကစားခဲ့ကြသလား။

**၃ do, does, did + Noun = ပြုသည်**

1 I *do* my homework every night.
ကျွန်တော်သည် အိမ်စာကို ညစဉ် လုပ်သည်။
2 He always *does* his work carefully.
သူသည် အလုပ်ကို အမြဲဂရုစိုက်၍ လုပ်သည်။
3 He *did* his homework last night.
သူသည် အိမ်စာကို လွန်ခဲ့သောညက လုပ်ခဲ့သည်။

## Exercise 29

***Fill the blanks with do or does.***

1 I __________ not eat meat.
2 She __________ not drink tea.
3 They __________ not like milk.
4 __________ you have a pen?
5 __________ he like tea?

### 4 Modal Verb ကို အသုံးပြုနည်း

Modal Verb တွေကို သူတို့ချည်း သုံးလို့ မရဘူး။ တခြား Verb ရဲ့ Present Tense ပုံသဏ္ဍာန်နဲ့ အမြဲ တွဲသုံးရတယ်။

will go သွားလိမ့်မည် shall go သွားလိမ့်မည် can go သွားနိုင်သည်
may go သွားကောင်းသွားလိမ့်မည် must go သွားရမည်

## 13 TENSE
## (ကြိယာ၏ ကာလကို ဖော်ပြသော သဏ္ဍာန်)

Tense တွေမှာ အမျိုးမျိုး ရှိတယ်။ တပည့်တို့ သိထားသင့်တဲ့ Tense တွေကတော့-

၁။ Simple Present Tense ရိုးရိုးပစ္စုပ္ပန်ကာလပြ ကြိယာသဏ္ဍာန်
၂။ Present Continuous Tense ပစ္စုပ္ပန်ပြုဆဲ၊ ဖြစ်ဆဲပြ ကြိယာသဏ္ဍာန်
၃။ Simple Past Tense ရိုးရိုးအတိတ်ကာလပြ ကြိယာသဏ္ဍာန် နဲ့
၄။ Future Tense အနာဂတ်ကာလပြ ကြိယာသဏ္ဍာန်တို့ ဖြစ်တယ်။

### 1 Simple Present Tense

Simple Present Tense ကို (၁) အမှန်တရား (၂) အလေ့အထနဲ့ (၃) မျက်မှောက်အခြေအနေကို ဖော်ပြဖို့အတွက် သုံးရတယ်။ every ပါရင် Simple Present Tense ကို သုံးပါ။

He, She, It နဲ့ တစ်ခု၊ တစ်ယောက်အတွက် သုံးတဲ့အခါ Verb ရဲ့ နောက်မှာ *s* ထည့်ပေးရတယ်။ I, We, You, They နဲ့ အများအတွက် သုံးတဲ့အခါမှာတော့ *s* ထည့်ဖို့ မလိုဘူး။

| Subject | Verb | |
|---|---|---|
| He | sits. | သူ ထိုင်သည်။ |
| She | runs. | သူမ ပြေးသည်။ |
| It | jumps. | ၎င်း ခုန်သည်။ |
| The boy | comes. | ယောက်ျားကလေး လာသည်။ |
| I | sit. | ကျွန်တော် ထိုင်သည်။ |
| We | run. | ကျွန်တော်တို့ ပြေးကြသည်။ |
| You | jump. | သင် ခုန်သည်။ |
| They | go. | သူတို့ သွားကြသည်။ |
| The boys | come. | ယောက်ျားကလေးများ လာကြသည်။ |

### Exercise 30

***Fill the blanks with the Simple Present Tense form of the Verbs in brackets.***
**ကွင်းအတွင်းရှိ Verb ၏ Simple Present Tense သဏ္ဍာန်ဖြင့် ကွက်လပ်များကို ဖြည့်ပါ။**

1 (sit) Mg Mg __________ on a mat.
2 (run) The boy __________ into the house.

| | |
|---|---|
| 3 (eat) | She ________ meat. |
| 4 (like) | I ________ coffee. |
| 5 (drink) | He ________ tea. |

## 2 Present Continuous Tense

am, is, are နဲ့ *ing* ပါတဲ့ Verb ကို တွဲရေးရင် Present Continuous Tense ဖြစ်လာတယ်။ လောလောဆယ် လုပ်နေတဲ့၊ ဖြစ်နေတဲ့ အဖြစ်အပျက်တွေကို Present Continuous Tense နဲ့ ဖော်ပြရတယ်။

| | |
|---|---|
| 1 I *am working.* | ကျွန်တော်သည် အလုပ်လုပ်နေသည်။ |
| 2 He *is standing.* | သူသည် မတ်တတ်ရပ်နေသည်။ |
| 3 The boys *are jumping.* | ယောကျ်ားကလေးများသည် ခုန်နေကြသည်။ |

မှတ်ချက်။ ၁ နောက်ဆုံးအက္ခရာရဲ့ ရှေ့မှာ *a, e, i, o, u* သရတစ်လုံးလုံး ရှိနေရင် အဲဒီ နောက်ဆုံး အက္ခရာကို နှစ်ခါထပ်ရေးပြီးမှ *ing* ထည့်ပေးရတယ်။

| | | | |
|---|---|---|---|
| sit | ထိုင်သည် | sitting | ထိုင်နေသည် |
| swim | ရေကူးသည် | swimming | ရေကူးနေသည် |
| run | ပြေးသည် | running | ပြေးနေသည် |

ခြွင်းချက်။ နောက်ဆုံးအက္ခရာရဲ့ ရှေ့မှာ *a, e, i, o, u* နှစ်လုံး ထပ်ပါနေရင်တော့ အဲဒီ နောက်ဆုံး အက္ခရာကို နှစ်ခါထပ်ရေးဖို့ မလိုပါ။

| | | | |
|---|---|---|---|
| eat | စားသည် | eating | စားနေသည် |
| read | စာဖတ်သည် | reading | စာဖတ်နေသည် |
| sleep | အိပ်သည် | sleeping | အိပ်နေသည် |
| speak | စကားပြောသည် | speaking | စကားပြောနေသည် |
| sweep | တံမြက်စည်းလှည်းသည် | sweeping | တံမြက်စည်းလှည်းနေသည် |

၂ *e* နဲ့ ဆုံးရင်တော့ အဲဒီ *e* ကို ဖြုတ်ပြီး *ing* ထည့်ပေးရတယ်။

| | | | |
|---|---|---|---|
| come | လာသည် | coming | လာနေသည် |
| make | ပြုလုပ်သည် | making | ပြုလုပ်နေသည် |
| ride | စီးနင်းသည် | riding | စီးနင်းနေသည် |
| smile | ပြုံးသည် | smiling | ပြုံးနေသည် |
| write | စာရေးသည် | writing | စာရေးနေသည် |

ခြွင်းချက်။ အောက်ပါ စကားလုံးတွေကိုတော့ ခြွင်းချက်အနေနဲ့ ရေးသားရတယ်။

| | | | |
|---|---|---|---|
| die | သေသည် | dying | သေနေသည် |
| lie | လဲလျောင်းသည် | lying | လဲလျောင်းနေသည် |
| tie | ချည်နှောင်သည် | tying | ချည်နှောင်နေသည် |

## Exercise 31

***Rewrite the following sentences in the Present Continuous Tense.***
**အောက်ပါ ဝါကျများကို Present Continuous Tense ဖြင့် အသစ်ပြန်ရေးပါ။**

1 She sits on a chair.
2 I eat an apple.
3 They wait for the bus.
4 He drives a car.
5 We draw pictures.

## 3 Simple Past Tense

အတိတ်က (သို့) အရင်က လုပ်ခဲ့တဲ့အကြောင်းကို ဖော်ပြဖို့အတွက် Simple Past Tense ကို သုံးရတယ်။ last တို့, ago တို့, yesterday တို့ ပါရင် Simple Past Tense ကို သုံးပါ။ တစ်ခု၊ တစ်ယောက်နဲ့ တွဲတဲ့ Past Tense Verb ရဲ့ နောက်မှာ *s* မထည့်ရ။

ဥပမာ-

| | |
|---|---|
| 1 He *sat.* | သူသည် ထိုင်ခဲ့သည်။ |
| 2 She *ran.* | သူမသည် ပြေးခဲ့သည်။ |
| 3 They *came.* | သူတို့သည် လာခဲ့ကြသည်။ |
| 4 The boy *ran.* | ယောကျ်ားကလေးသည် ပြေးခဲ့သည်။ |
| 5 The boys *ran.* | ယောကျ်ားကလေးများသည် ပြေးခဲ့ကြသည်။ |

### Simple Present Tense မှ Simple Past Tense သို့ ပြောင်းနည်း

၁ အများအားဖြင့် Present Tense Verb ရဲ့ နောက်မှာ *ed* ထည့်ပေးရင် Past Tense ဖြစ်လာတယ်။

| Present Tense | | Past Tense | |
|---|---|---|---|
| climb | တက်သည် | climbed | တက်ခဲ့သည် |
| cross | ဖြတ်သန်းသည် | crossed | ဖြတ်သန်းခဲ့သည် |
| jump | ခုန်သည် | jumped | ခုန်ခဲ့သည် |
| kill | သတ်သည် | killed | သတ်ခဲ့သည် |
| look | ကြည့်သည် | looked | ကြည့်ခဲ့သည် |
| need | လိုအပ်သည် | needed | လိုအပ်ခဲ့သည် |
| open | ဖွင့်သည် | opened | ဖွင့်ခဲ့သည် |
| pull | ဆွဲသည် | pulled | ဆွဲခဲ့သည် |
| push | တွန်းသည် | pushed | တွန်းခဲ့သည် |
| talk | စကားပြောသည် | talked | စကားပြောခဲ့သည် |
| wait | စောင့်သည် | waited | စောင့်ခဲ့သည် |
| want | လိုချင်သည် | wanted | လိုချင်ခဲ့သည် |

၂ တချို့ Verb တွေမှာတော့ Past Tense သဏ္ဌာန် သီးသန့် ရှိတယ်။

| | | | |
|---|---|---|---|
| bring | ယူလာသည် | brought | ယူလာခဲ့သည် |
| catch | ဖမ်းသည် | caught | ဖမ်းခဲ့သည် |
| do | ပြုလုပ်သည် | did | ပြုလုပ်ခဲ့သည် |
| draw | ပုံဆွဲသည် | drew | ပုံဆွဲခဲ့သည် |
| drink | သောက်သည် | drank | သောက်ခဲ့သည် |
| eat | စားသည် | ate | စားခဲ့သည် |
| fall | ကျသည် | fell | ကျခဲ့သည် |
| feel | ခံစားရသည် | felt | ခံစားခဲ့ရသည် |
| fight | တိုက်ခိုက်သည် | fought | တိုက်ခိုက်ခဲ့သည် |
| get | ရသည် | got | ရခဲ့သည် |
| give | ပေးသည် | gave | ပေးခဲ့သည် |
| kneel | ဒူးထောက်သည် | knelt | ဒူးထောက်ခဲ့သည် |
| learn | သင်ယူသည် | learnt | သင်ယူခဲ့သည် |
| make | ပြုလုပ်သည် | made | ပြုလုပ်ခဲ့သည် |
| run | ပြေးသည် | ran | ပြေးခဲ့သည် |
| say | ပြောသည် | said | ပြောခဲ့သည် |
| see | မြင်သည် | saw | မြင်ခဲ့သည် |
| sleep | အိပ်သည် | slept | အိပ်ခဲ့သည် |
| speak | စကားပြောသည် | spoke | စကားပြောခဲ့သည် |
| sweep | တံမြက်စည်းလှည်းသည် | swept | တံမြက်စည်းလှည်းခဲ့သည် |
| swim | ရေကူးသည် | swam | ရေကူးခဲ့သည် |
| teach | သင်ပေးသည် | taught | သင်ပေးခဲ့သည် |
| tell | ပြောသည် | told | ပြောခဲ့သည် |
| write | စာရေးသည် | wrote | စာရေးခဲ့သည် |

၃ တချို့ Verb တွေကိုတော့ Present Tense အတွက်ရော၊ Past Tense အတွက်ပါ သုံးလို့ရတယ်။

| | | | |
|---|---|---|---|
| beat | ရိုက်သည် | beat | ရိုက်ခဲ့သည် |
| cut | ဖြတ်သည် | cut | ဖြတ်ခဲ့သည် |
| hit | ထုရိုက်သည် | hit | ထုရိုက်ခဲ့သည် |
| put | ထားသည်၊ ထည့်သည် | put | ထားခဲ့သည်၊ ထည့်ခဲ့သည် |
| read ရီးဒ် | စာဖတ်သည် | read ရက်ဒ် | စာဖတ်ခဲ့သည် |

### Exercise 32

***Rewrite the following sentences in the Simple Past Tense.***

1 I sit on a chair.
2 He comes to my house.
3 She draws a picture.
4 Mother makes a cake.
5 We see a ship.

### 4 Future Tense

အနာဂတ်ကာလ (သို့) နောင်လာမယ့်အချိန်မှာ လုပ်မယ့်အလုပ်မျိုးကို Future Tense နဲ့ ဖော်ပြရတယ်။ tomorrow တို့, next တို့ ပါရင် Future Tense ကို သုံးပါ။

will နဲ့ Present Tense Verb တွဲရေးရင် Future Tense ဖြစ်လာတယ်။

1 He *will run.* — သူသည် ပြေးလိမ့်မည်။
2 She *will play.* — သူမသည် ကစားလိမ့်မည်။

မှတ်ချက်။ will နဲ့ တွဲတဲ့ Verb ရဲ့ နောက်မှာ *s* မထည့်ရပါ။

### Exercise 33

***Rewrite the following sentences in the Future tense.***

1 He jumps.
2 They play football.
3 I beat the dog.
4 She opens the door.
5 Mg Mg writes a letter.

## 14 THE ADVERB : KINDS OF ADVERBS

Adverb တွေဟာ အခြေခံအားဖြင့် သုံးမျိုး ရှိတယ်။ အဲဒီသုံးမျိုးကတော့- (၁) Simple Adverbs (၂) Interrogative Adverbs နဲ့ (၃) Relative Adverbs တွေပါပဲ။

### 1 Simple Adverbs

Simple Adverb တွေဟာ Verb နဲ့ တခြားစကားလုံးတွေကို ရိုးရိုး အထူးပြုပေးတဲ့ Adverb တွေ ဖြစ်ပါတယ်။ Simple Adverb တွေကို သူတို့ရဲ့ အဓိပ္ပာယ်အလိုက် အောက်ပါအတိုင်း အမျိုးမျိုး ထပ်ခွဲနိုင်ပါတယ်။

1 **Manner (ဘယ်ပုံဘယ်နည်း ပြုလုပ်ကြောင်း ဖော်ပြသော Adverb)**

'စွာ' လို့ အဓိပ္ပာယ်ထွက်တယ်။ အများအားဖြင့် *ly* နဲ့ ဆုံးလေ့ရှိတယ်။

| | | | | | |
|---|---|---|---|---|---|
| carefully | သတိထား၍ | slowly | ဖြည်းဖြည်း | quickly | လျင်မြန်စွာ |
| easily | လွယ်ကူစွာ | hard | ကြိုးကြိုးစားစား | fast | လျင်မြန်စွာ |
| well | ကောင်းစွာ | | | | |

**2 Place (နေရာကို ဖော်ပြသော Adverb)**

here ဒီမှာ there ဟိုမှာ everywhere နေရာတိုင်းမှာ somewhere တစ်နေရာရာမှာ

**3 Time (အချိန်ကို ဖော်ပြသော Adverb)**

yesterday မနေ့က today ယနေ့ tomorrow မနက်ဖြန် now ယခု
then ထို့နောက် soon မကြာမီ ago (လွန်ခဲ့သော) အချိန်က before မတိုင်မီ
already ဤအချိန်တွင်၊ ထိုအချိန်တွင် (ပြီးပြီ)။ ပြီးနှင့်ပြီ still ယခုအချိန်ထိ
yet ယခုတိုင်၊ ယခုထိ (မလုပ်ရသေး၊ မဖြစ်သေး)

**4 Frequency (အကြိမ်ကို ဖော်ပြသော Adverb)**

always အမြဲ usually အမြဲလိုလို၊ အများအားဖြင့် often မကြာခဏ
sometimes တစ်ခါတစ်ရံ hardly အနည်းငယ်ပဲ seldom ကြုံတောင့် ကြုံခဲ၊ – ခဲ
never ဘယ်တော့မှ မလုပ်၊ မဖြစ် once တစ်ကြိမ် twice နှစ်ကြိမ်

**5 Degree (အဆင့်အတန်းကို ဖော်ပြသော Adverb)**

very အလွန် too သိပ်၊ အလွန် enough အလုံအလောက် quite အတော်
so အလွန် rather အတော် fairly အတော်အတန် much အလွန်၊ သိပ်
more သာ၍၊ ပို၍ most အလွန့်အလွန်

မှတ်ချက်။ Adverbs of Degree တွေဟာ (၁) Adjective နဲ့ (၂) Adverb အချင်းချင်းကို ပြန်အထူးပြုတယ်။ Verb ကိုတော့ အထူးပြုမပေးပါ။

1 They are *very* rich. သူတို့သည် အလွန်ချမ်းသာကြသည်။
2 This question is *too* hard. ဤမေးခွန်းသည် အလွန်ခက်သည်။
3 I know him *quite* well. ကျွန်တော် သူ့ကို အတော်ကောင်းစွာ သိသည်။
4 He played *rather* badly. သူသည် အတော်ညံ့ဖျင်းစွာ ကစားခဲ့သည်။

## 2 Interrogative Adverbs

မေးခွန်းမေးရာမှာ သုံးတဲ့ Adverb တွေကိုတော့ Interrogative Adverbs လို့ ခေါ်တယ်။ အဲဒီ Adverb တွေကိုလည်း သူတို့ရဲ့ အဓိပ္ပာယ်အလိုက် အမျိုးမျိုး ခွဲခြားနိုင်တယ်။

**1 Time (အချိန်)**

When, How long = 'အချိန်' ကို မေးဖို့ သုံး။

1 *When* will you go to Mandalay? သင် မန္တလေးသို့ ဘယ်တော့ သွားမလဲ။
2 *How long* will you stay there? သင် ဟိုမှာ ဘယ်လောက်ကြာကြာ နေမလဲ။

**2 Place (နေရာ)**

Where = 'နေရာ' ကို မေးဖို့ သုံး။

*Where* did you go? သင် ဘယ်ကို သွားခဲ့သလဲ။

**3 Reason (အကြောင်းပြချက်)**

Why = 'ဘာကြောင့်လဲ' လို့ မေးဖို့ သုံး။

*Why* are you happy? သင် ဘာကြောင့် ပျော်ရွှင်သလဲ။

**4 Manner (ဘယ်လို)**

How = 'ဘယ်ပုံဘယ်နည်းလဲ' လို့ မေးဖို့ သုံး။

*How* do you go to school? သင် ဘယ်လို ကျောင်းတက်သလဲ။

**5 Quantity (အရေအတွက်)**

a How many = 'Countable Noun ဘယ်လောက် များသလဲ' လို့ မေးဖို့ သုံး။

*How many* books are there on the table?

စားပွဲပေါ်မှာ စာအုပ် ဘယ်လောက်များများ ရှိသလဲ။

b How much = 'Uncountable Noun ဘယ်လောက် များသလဲ' လို့ မေးဖို့ သုံး။

*How much* water do you want? သင် ရေ ဘယ်လောက်များများ လိုချင်သလဲ။

**6 Distance (အကွာအဝေး)**

How far = 'ဘယ်လောက် ဝေးသလဲ' လို့ မေးဖို့ သုံး။

*How far* is the school from your house?

ကျောင်းသည် သင့်အိမ်မှ ဘယ်လောက် ဝေးသလဲ။

**7 Frequency (အကြိမ်)**

How often = 'အကြိမ် ဘယ်လောက်များများ လုပ်သလဲ' လို့ မေးဖို့ သုံး။

*How often* do you play tennis?

သင် တင်းနစ်ကို အကြိမ် ဘယ်လောက်များများ ကစားသလဲ။

## 3 Relative Adverbs

ဝါကျ ဆက်သွယ်ပေးဖို့ သုံးတဲ့ Adverb တွေကိုတော့ Relative Adverbs လို့ ခေါ်တယ်။ အဲဒီ Adverb တွေကိုလည်း အဓိပ္ပာယ်အလိုက် အောက်ပါအတိုင်း ခွဲခြားနိုင်တယ်။

**1 Time (အချိန်)**

When = 'အချိန်' အတွက် သုံး။

He still remembers the day. He first went to school.

သူသည် ထိုနေ့ကို သတိရဆဲ ဖြစ်သည်။ သူသည် ပထမဆုံး ကျောင်းတက်ခဲ့သည်။

He still remembers the day *when* he first went to school.

သူသည် ပထမဆုံး ကျောင်းတက်ခဲ့သော နေ့ကို သတိရဆဲ ဖြစ်သည်။

**2 Place (နေရာ)**

Where = 'နေရာ' အတွက် သုံး။

He will go to the house. His friend lives there.
သူသည် အိမ်သို့ သွားလိမ့်မည်။ သူ၏ သူငယ်ချင်းသည် ဟိုမှာ နေသည်။
He will go to the house *where* his friend lives.
သူသည် သူ၏သူငယ်ချင်း နေသော အိမ်သို့ သွားလိမ့်မည်။

**3 Reason (အကြောင်းပြချက်)**

Why = 'အကြောင်းပြချက်' အတွက် သုံး။

I don't know the reason. He is angry for that reason.
ကျွန်တော်သည် ထိုအကြောင်းကို မသိပါ။ သူသည် ထိုအကြောင်းကြောင့် စိတ်ဆိုးသည်။
I don't know the reason *why* he is angry.
ကျွန်တော်သည် သူစိတ်ဆိုးသော အကြောင်းကို မသိပါ။
I don't know *why* he is angry. လို့ ရေးချင်ရင်လည်း ရေးနိုင်တယ်။

## 15 DEGREES OF ADVERBS

Adverb တချို့မှာလည်း Adjective တွေမှာလိုပဲ Degree သုံးမျိုး ရှိတယ်။ Degree ပြောင်းနည်းလည်း ဆင်တူပါတယ်။

၁ အသံတစ်သံသာ ထွက်တဲ့ Adverb တွေရဲ့ နောက်မှာ *er* တို့, *est* တို့ ထည့်ပေးရတယ်။

| **သာမန်အဆင့်ပြ** | **သာလွန်အဆင့်ပြ** | **အသာလွန်ဆုံးအဆင့်ပြ** |
|---|---|---|
| soon | sooner | soonest |
| loud | louder | loudest |
| long | longer | longest |
| fast | faster | fastest |
| hard | harder | hardest |

၂ အသံ နှစ်သံနဲ့ နှစ်သံထက် ကျော်တဲ့ Adverb တွေရဲ့ ရှေ့မှာတော့ more တို့, most တို့ကို ထည့်ပေးရတယ်။

| | | |
|---|---|---|
| quickly | more quickly | most quickly |
| swiftly | more swiftly | most swiftly |
| wisely | more wisely | most wisely |

ခြွင်းချက်။ early earlier earliest

၃ အောက်ပါ Adverb တွေကိုတော့ တစ်လုံးကို နည်းတစ်မျိုးစီနဲ့ ပြောင်းပေးရတယ်။

| | | |
|---|---|---|
| well | better | best |
| badly | worse | worst |
| late | later | latest |

| | | |
|---|---|---|
| far | farther<br>further | farthest<br>furthest |
| little | less | least |
| much | more | most |

## 16 THE PREPOSITION

### အသုံးများသော Preposition များ

| | | | |
|---|---|---|---|
| about | အကြောင်း | in | အထဲမှာ |
| above | အပေါ်တွင် | in front of | ရှေ့မှာ |
| across | ၁။ ဖြတ်သန်း၍ | inside | အထဲမှာ |
| | ၂။ မျက်နှာချင်းဆိုင်တွင် | in the middle of | အလယ်မှာ |
| after | ပြီးနောက် | into | အထဲသို့ |
| against | ဆန့်ကျင်၍ | like | ကဲ့သို့ |
| along | တစ်လျှောက် | near | အနီးတွင် |
| among | ကြားတွင် (နှစ်ခု၊ | next (to) | ဘေးတွင်၊ အနီးတွင်၊ |
| | နှစ်ယောက်ထက် များ) | | ကပ်လျက် |
| around | ပတ်ကာ၊ ပတ်လျက် | of | ၏ (ပေါင်းစပ်မှုပြ) |
| at | ၌၊ မှာ၊ တွင်၊ ဝယ် | off | မလှမ်းမကမ်းတွင် (ကွဲကွာမှုပြ) |
| before | ရှေ့မှာ | on | အပေါ်မှာ |
| behind | နောက်မှာ | onto | အပေါ်သို့ |
| below | အောက်တွင် | since | အချိန်မှစ၍ |
| beside | ဘေးတွင် | through | ဖြတ်သန်း၍ |
| between | ကြားတွင် (နှစ်ခု၊ | till | တိုင်အောင် |
| | နှစ်ယောက်တည်း) | to | သို့ |
| beyond | ဟိုမှာဘက်တွင် | toward | ဆီသို့၊ ဘက်သို့ |
| by | ၁။ ဘေးတွင် ၂။ ဖြင့် | under | အောက်မှာ |
| down | အောက်သို့ | until | တိုင်အောင် |
| during | အချိန်အတွင်းမှာ | with | နှင့်၊ ဖြင့် |
| except | မှတစ်ပါး | within | အချိန်အတွင်းမှာ |
| for | အတွက် | without | မပါဘဲ၊ မရှိဘဲ |
| from | မှ | | |

### KINDS OF PREPOSITIONS

Preposition တွေဟာ အဓိကအားဖြင့် အောက်ပါအတိုင်း သုံးမျိုး ရှိတယ်။

၁။ အချိန်ပြ Preposition ၂။ နေရာပြ Preposition ၃။ လားရာအရပ်ပြ Preposition တို့ပါပဲ။

၂ နေရာ သုံးလေးမျိုးကို စုပေါင်းဖော်ပြတဲ့အခါမှာ အကျဉ်းဆုံးနေရာကို စပြီး ရေးရတယ်။

*at* 270, 30th Street, Yangon, Myanmar    အမှတ် ၂၇၀၊ လမ်း ၃၀၊ ရန်ကုန်၊ မြန်မာနိုင်ငံတွင်

## C လားရာအရပ်ပြ Preposition များ

### 1 from + ထွက်ခွာရာအရပ်

ထွက်ခွာရာအရပ်ရဲ့ ရှေ့မှာ from ကို သုံးရတယ်။

1 They returned *from* Japan.    သူတို့သည် ဂျပန်နိုင်ငံမှ ပြန်လာခဲ့ကြသည်။
2 He comes *from* Mandalay.    သူသည် မန္တလေးမြို့မှ လာသည်။

### 2 to, toward + ဆိုက်ရောက်ရာအရပ်

ဆိုက်ရောက်ရာအရပ်ရဲ့ ရှေ့မှာ to တို့ toward တို့ကို သုံးရတယ်။

1 They went *to* Bagan.    သူတို့သည် ပုဂံသို့ သွားခဲ့ကြသည်။
2 They went *toward* the sea.    သူတို့သည် ပင်လယ်ဘက်သို့ သွားခဲ့ကြသည်။
3 They travelled from place *to* place.
သူတို့သည် တစ်နေရာမှ တစ်နေရာသို့ ခရီးသွားခဲ့ကြသည်။

မှတ်ချက်။ leave တို့ left တို့ကို သုံးတဲ့အခါမှာတော့-
၁ ဆိုက်ရောက်ရာအရပ်ရဲ့ ရှေ့မှာ for ထည့်ပေးရပြီး
၂ ထွက်ခွာရာအရပ်ရဲ့ ရှေ့မှာ ဘာမှ ထည့်ပေးစရာ မလိုပါ။

1 He left *for* Japan.    သူသည် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။
2 He left Myanmar *for* Japan.    သူသည် မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။

## ခရီးသွားရာမှာ စီးသည့်ယာဉ်ကို ဖော်ပြသည့် Preposition များ

၁ ကား၊ ရထား၊ သင်္ဘော၊ လေယာဉ်တွေရဲ့ ရှေ့မှာ by ကို သုံးရတယ်။

*by* car ကားဖြင့်    *by* train ရထားဖြင့်    *by* boat လှေဖြင့်၊ သင်္ဘောဖြင့်
*by* plane လေယာဉ်ဖြင့်    *by* sea ရေကြောင်းဖြင့်    *by* air လေကြောင်းဖြင့်
*by* land ကုန်းလမ်းဖြင့်

မှတ်ချက်။ car တို့ train တို့ရဲ့ ရှေ့မှာ a တို့ ပိုင်ဆိုင်မှုကို ဖော်ပြတဲ့ စကားလုံးတို့ ပါလာရင် by အစား in ကို သုံးလေ့ရှိတယ်။

*in* a car ကားဖြင့်    *in* a train ရထားဖြင့်
*in* my uncle's car ဦးလေး၏ ကားဖြင့်

၂ စက်ဘီးတို့၊ မြင်းတို့နဲ့ သွားရင်တော့ on ကို သုံးရတယ်။

*on* a bicycle စက်ဘီးဖြင့်    *on* horseback မြင်းဖြင့်

၃ 'ခြေကျင်သွားသည်' လို့ ပြောချင်တဲ့အခါမှာ on foot ကို သုံးရတယ်။

They go to school *on foot.* သူတို့သည် ကျောင်းသို့ ခြေကျင်သွားကြသည်။

၄ ယာဉ်တွေပေါ် တက်တဲ့အကြောင်း ဖော်ပြရာမှာ get into ကို သုံးလေ့ရှိတယ်။

1 They *get into* the bus. သူတို့သည် ဘတ်စကားပေါ်သို့ တက်ကြသည်။

2 We *got into* the train. ကျွန်တော်တို့သည် မီးရထားပေါ်သို့ တက်ခဲ့ကြသည်။

၅ ယာဉ်တွေပေါ်က ဆင်းတဲ့အကြောင်း ပြောချင်ရင်တော့ get out of ကို သုံးရတယ်။

1 We *get out of* the bus. ကျွန်တော်တို့သည် ဘတ်စကားပေါ်မှ ဆင်းကြသည်။

2 They *got out of* the train. သူတို့သည် မီးရထားပေါ်မှ ဆင်းခဲ့ကြသည်။

### Exercise 34

***Fill in each blank with a suitable Preposition.***

**ကွက်လပ်တစ်ခုစီကို သင့်လျော်သော Preposition တစ်လုံးစီဖြင့် ဖြည့်ပေးပါ။**

1 I live __________ Yangon.
2 My house is __________ Inya Road.
3 I saw him __________ the station.
4 He came __________ Mandalay.
5 He will go __________ Bago.
6 He will go there __________ train.
7 I get up __________ six o'clock.
8 I go to school __________ the morning.
9 I do not go to school __________ Sundays.
10 They are playing __________ the tree.

## 17 THE CONJUNCTION

and, but, yet, however, so, therefore, or, nor တို့ကို Conjunctions လို့ ခေါ်တယ်။ အဲဒီစကားလုံးတွေကို အောက်ပါအတိုင်း သုံးရတယ်။

**and = နှင့်၊ ၍၊ ပြီး**

တစ်ခုနဲ့ တစ်ခု မဆန့်ကျင်တဲ့ စကားလုံးတို့၊ စကားစုတို့၊ ဝါကျတို့ကို ဆက်သွယ်ဖို့အတွက် and ကို သုံးရတယ်။

1 I buy a book *and* a pencil. ကျွန်တော် စာအုပ်တစ်အုပ်နှင့် ခဲတံတစ်ချောင်း ဝယ်သည်။

2 I will go *and* see my grandmother. ကျွန်တော် ကျွန်တော့်အဘွားကို သွားတွေ့ဦးမည်။

**but / yet / however = သို့သော်**

ဆန့်ကျင်ဘက် စကားလုံးတို့၊ စကားစုတို့၊ ဝါကျတို့ကို ဆက်သွယ်ပေးဖို့အတွက် but တို့, yet တို့, however တို့ကို သုံးရတယ်။

1 He is fat *but* his brother is thin. သူသည် ဝသည်။ သို့သော် သူ့ညီသည် ပိန်သည်။

2 He worked hard, *yet* he failed. သူ ကြိုးစားခဲ့သည်။ သို့သော် သူ ကျရှုံးခဲ့သည်။

3 He worked hard, *however,* he failed. သူ ကြိုးစားခဲ့သည်။ သို့သော် သူ ကျရှုံးခဲ့သည်။

## so / therefore = ထို့ကြောင့်

အကြောင်းနဲ့ အကျိုးကို ဆက်သွယ်ဖို့အတွက် so တို့, therefore တို့ကို သုံးပါ။

1 He worked hard *so* he passed the examination.
သူ ကြိုးစားခဲ့သည်။ ထို့ကြောင့် သူ စာမေးပွဲ အောင်ခဲ့သည်။

2 He was lazy, *therefore* he failed.
သူ ပျင်းသည်။ ထို့ကြောင့် သူ ကျရှုံးခဲ့သည်။

## or = သို့မဟုတ်

'တစ်ခုမဟုတ်တစ်ခု ဖြစ်လိမ့်မယ်' လို့ ပြောချင်တဲ့အခါမှာတော့ or တို့, either ____ or တို့ကို သုံးရတယ်။

1 We must work hard *or* we will fail in the examination.
ကျွန်တော်တို့ ကြိုးစားကြရမည်။ သို့မဟုတ် ကျွန်တော်တို့ စာမေးပွဲကျလိမ့်မည်။

2 He will buy meat *or* fish.
သူသည် အသား သို့မဟုတ် ငါးကို ဝယ်လိမ့်မည်။

## nor = တစ်ခုမှ မဟုတ်

'နှစ်မျိုးအနက်က တစ်မျိုးမှ မဟုတ်ဘူး' လို့ ပြောချင်ရင်တော့ nor တို့, neither ____ nor တို့ကို သုံးရတယ်။

1 He *neither* went to school *nor* helped his parents.
သူသည် ကျောင်းလည်း မတက်ခဲ့ပါ၊ မိဘကိုလည်း မကူညီခဲ့ပါ။

2 She is *neither* thin *nor* fat.
သူမသည် ပိန်လည်း မပိန်ပါ၊ ဝလည်း မဝပါ။

## Exercise 35

***Join each pair of sentences, using the Conjunction given in brackets.***
**ကွင်းအတွင်း ပေးထားသော Conjunction ကို အသုံးပြု၍ ဝါကျတစ်စုံစီကို ဆက်ပေးပါ။**

1 Mg Hla bought a cake. He ate it. (and)
2 Mya Mya was ill. She came to school. (but)
3 I worked hard. I got the first prize. (so)
4 You must work hard. You will fail in the examination. (or)
5 She is not thin. She is not fat. (nor)